# “ဘူတာရုံကို ရှာဖွေခြင်း”

## Finding South Station

ကျွန်မဘဝတွင် ယုံကြည်မှုသည် ကလေးတစ်ဦးကဲ့သို့ စိမ့်ဝင်နေခဲ့သည်။ ကျွန်မ၏ဘဝကို စိုးရိမ်ပူပန်သော ကျွန်မ၏ဆုများကို ဖြည့်ဆည်းပေးသော ကျွန်မ၏ နေ့စဉ်ကိစ္စများကို ကူညီပေးသော ချစ်မေတ္တာထားတတ်သည့် ဘုရားသခင်တစ်ပါး ကျွန်မ၏ မျက်မှောက်တွင်ရှိနေခြင်းကို မည်သည့်အခါမျှ ယုံမှားသံသယ မဝင်ခဲ့ပါချေ။ ဂျီးဆက်ကိုဖွဲ့ဆိုသော သီချင်းများကို ကျွန်မဆိုသည်။ သူ့ကို ကျွန်မချစ်သည်။ သူသည် ကျွန်မ၏ဘဝတွင် တကယ့်ကို တည်ရှိနေပါသည်။ ကျွန်မဖြတ်နိုးတွယ်တာလွန်းသော ဦးလေးများ သေဆုံးသောအခါ ထိုအသုဘအခန်းအနားများသည် သောကဖိစီးရာ အခန်းအနားများမဟုတ်ဘဲ သူတို့အတွက် သာလွန်ကောင်းမွန်သော လောကသို့ ကူးပြောင်းရာ အခန်းအနားမျှသာ ဖြစ်ပေသည်။

သို့သော် ကျွန်မဆယ်ကျော်သက်အရွယ် ရောက်လာသောအခါ ကလေးဘဝက သင်ကြားခဲ့ရသော ယုံကြည်မှု၏ စည်းကမ်းဥပဒေသများကို စူးစမ်းမေးမြန်းစ ပြုလာသည်။ ကျွန်မမိဘများ၏ ဘုရားသခင်နှင့် သမ္မာကျမ်းစာအပေါ် ယုံကြည်မှုကို တွေ့မြင်လာရပြီး ထိုယုံကြည်မှုကို မှားယွင်းသည်ဟု ယူဆလာခဲ့သည်။ သို့ဖြင့် ကျွန်မသည် ယုံကြည်သူအဖြစ်မှ သံသယရှိသူတစ်ဦးအဖြစ်သို့ ဖြည်းဖြည်းချင်း လျှောဆင်းလာခဲ့တော့သည်။ ကျွန်မ၏ ဝန်းကျင်တွင် ကြားမြင်ရသည်များကြောင့် ငယ်စဉ်က သင်ကြားခဲ့ရသော ကလေးဆန်သည့် ယုံကြည်မှုကို အဓိပ္ပါယ်မရှိဖြစ်စေသည်။ ကျွန်မ၏ ယုံကြည်မှုစနစ်အသစ်ကို မိဘများအား လေးနက်စွာ ပြောပြခဲ့သည်။ မိဘများက ပြုံးနေပြီး ကျွန်မပြောပြသည်ကို သူတို့တကယ်နားထောင်ချင်ကြောင်း ပြောပါသည်။ သို့ရာတွင်  သူတို့၏ ယုံကြည်မှုကို ဟန့်တားပိတ်ဆို့၍ ရနိုင်မည်မဟုတ်ပါ။

ကျွန်မ၏ ယုံကြည်မှုဆိုင်ရာ ရှာဖွေမှုသည် နယူးယောက်မှ မက်ဆာချူးဆက်ရှိ ဘော့စ်တွန်သို့ အသွားတွင် ကြုံကြိုက်တိုက်ဆိုင်မှုတစ်ခုနှင့် ဆုံဆည်းခဲ့ရပါသည်။ တစ်နေ့တွင် ကျွန်ုပ်သည် ကျောင်းပိတ်ရက်တွင် အိမ်သို့ရထားနှင့် ပြန်ရမည်ဖြစ်ပါသည်။ ဖုန်းဆက်ပြီး ရထားလက်မှတ်ကို ကြိုတင်မှာထားကာ ကျွန်မ၏အပြန်လမ်းတွင် “စောက်သ်စတေးရှင်း” (တောင်ပိုင်းဘူတာရုံ) ကို မြေအောက်ရထားလမ်းတွင် တွေ့ရမည်ဟု ယုံကြည်နေခဲ့သည်။ မြေပုံကို လေ့လာကြည့်သောအခါတွင် ကျွန်မ၏ခရီးစဉ်ကို တွေ့ရှိရပြီး ကျွန်မ၏အပြန်ခရီးကို စတင်ခဲ့ပါသည်။

ဥမင်လှိုဏ်ဂူ၏ တီပုံသဏ္ဍာန်လမ်းဆုံးတွင် အတန်ကြာနေခဲ့ပြီးနောက် ထိုဒေသတွင် ဘော်စတွန်၏ မြေအောက်ဘူတာရုံသည် လူသိများလှသဖြင့် တွေ့မြင်ချင်စိတ်ပေါက်လာကာ လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် တက်လာခဲ့သည်။ မြေပြင်လမ်းနှင့် တညီတည်းရောက်လာသောအခါ စူးရှသော နေရောင်ခြည်ကြောင့် မျက်စေ့ကျိန်းသွားခဲ့သည်။ ဘူတာရုံသည် ဤအနားတွင် ရှိရမည်ကို ကျွန်မသိပါသည်။ သို့သော် လှည့်ပတ်ကြည့်သော်လည်း မတွေ့ရပါ။ မုခ်ဝအဝင်လမ်းတစ်ခု၏ အရိပ်အောက်သို့ဝင်ပြီး ခိုလိုက်သည်။ သို့သော် ယခုအထိ ဘူတာရုံကို ကျွန်မ မတွေ့မိသေးပါ။ နာရီကိုကြည့်ပြီး ရထားလွတ်သွားမှာကို စိုးရိမ်မိလာခဲ့မိသည်။ ဖြတ်သွားဖြတ်လာ ခရီးသည်တစ်ဦးအား ဘော့စတွန်ဘူတာရုံကို မေးကြည့်သောအခါ သူက ကျွန်မကို အထူးအဆန်းသဖွယ် စိုက်ကြည့်ပြီး အပြေးထွက်သွားပါတော့သည်။

သို့ဖြင့် လမ်းကိုဖြတ်ကူးလိုက်သည်။ ကားများဖြတ်ကျော်သွားသောအခါ ကျွန်မမတ်တပ်ရပ်နေခဲ့သော လမ်းဘက်ကိုပြန်၍ လှည့်လိုက်သည်။ ထိုအခါတွင် မြေပြင်မှအထက် ဆယ်ပေခန့်အမြင့်တွင် “စောက်သ်စတေးရှင်း” ကို ကြီးများသော စာလုံးကြီးများဖြင့် ရေးသားထားသည်ကို တွေ့လိုက်ရပါတော့သည်။ ကျွန်မစိတ်ဝင်စားလွန်း၍ တွေ့ချင်စိတ်ပေါက်လာခဲ့သော မြေအောက်လှိုဏ်ဂူအဝင်ဝကား ဘူတာရုံ၏ အဝင်ဝပင်ဖြစ်နေပါတော့သည်။ မျက်စိကျိန်းသဖြင့် ကျွန်မနေရောင်ခြည်မှဝင်၍ ခိုနားသောမုဒ်ဝသည်ပင် ဘူတာရုံဖြစ်နေပါတော့သည်။ ဘူတာရုံကြီးက ကြီးမားလွန်းပြီး ပတ်လည်ဝိုင်းနေသဖြင့် ကျွန်မယခင်ကြည့်စဉ်က မမြင်တွေ့ခဲ့ရခြင်း ဖြစ်သည်။ ခပ်လှမ်းလှမ်းမှခွာ၍ ကြည့်သောအခါ မူလက ကျွန်မတစ်ချိန်လုံးနေခဲ့သော နေရာပင်ဖြစ်ကြောင်း သိရှိလိုက်ရပါသည်။

ထိုသို့ဖြစ်ပျက်ခဲ့ပြီး မကြာခင်အချိန်အတွင်းတွင်ပင် ကျွန်မသည် ယုံကြည်မှုမရှိသူများနှင့် တဖြည်းဖြည်းအနေစိမ်းကာ ခပ်ခွာခွာဖြစ်လာခဲ့သည်ကို သတိထားမိလာခဲ့သည်။ သူတို့နှင့် မတူဘဲ ခြားနားလာခဲ့သည်။ ကျွန်မသည် “ထရီမောင့်” လမ်းရှိ လှပသောသင်္ချိုင်းကြီးတစ်ခုအတွင်းတွင် တစ်ဦးတည်း နေ့လည်စာ စားရခြင်းကို သဘောကျသည်။ ထိုသင်္ချိုင်းထဲရှိ အုတ်ဂူများစွာမှာ ၁၆၀၀ပြည့်နှစ်များက ကမ္ပည်းထိုးထားသော ဂူများဖြစ်သည်။ တစ်နေ့တွင် သူငယ်ချင်းတစ်ဦးက ထိုနေရာတွင် ကျွန်မနှင့်အတူ နေ့လည်စာစားပြီး “သင်္ချိုင်းကြီးတစ်ခုထဲကိုလာပြီး အပန်းဖြေတယ်ဆိုတာ နည်းနည်းထူးဆန်း မနေဘူးလား။ သင်္ချိုင်းထဲမှာ လာနေတော့ သေခြင်းတရားကို မတွေးမိဘူးလား။ အဲဒီလိုတွေးမိတော့ ကြောက်ကောမကြောက်ဘူးလား” ဟု ပြောခဲ့သည်။

ကျွန်မ၏ ဆင်းဒဝစ်ချ်ကို စားပြီးသောအခါ ထိုကိစ္စကို တွေးကြည့်မိသည်။ ထိုနောက် ကျွန်မက “တကယ်တော့ ကျွန်မက ဘာကိုမှ ကြောက်တာမဟုတ်ဘူး။ သေတယ်ဆိုတာ ဒီလောကကြီးထဲကနေပြီး နောက်လောကတစ်ခုထဲကို ကူးပြောင်းသွားတဲ့လမ်းပဲ၊ ပြန်လည်မွေးဖွားခြင်းလိုမျိုးလို့ ကျွန်မယုံကြည်တယ်။ ပြီးတော့ ကျွန်မသေသွားရင်လည်း ဒီလောကထက်ပိုပြီး ကျယ်ဝန်းတဲ့ ပိုပြီးကောင်းတဲ့နေရာမှာ ကျွန်မကိုယ် ကျွန်မရှာတွေ့လိမ့်မယ်လို့ ယုံကြည်တယ်” ဟု ပြောလိုက်ပါသည်။ ကျွန်မ၏ သူငယ်ချင်းများနှင့် ခြားနားသွားရခြင်းမှာ ဤအချက်ကြောင့်ဖြစ်ပါသည်။ ကျွန်မတွင် ယုံကြည်မှုရှိနေဆဲဖြစ်သည်။ ဘုရားသခင်နှင့် ဂျီးဆက်ကို ယုံကြည်နေဆဲ ဖြစ်ပါသည်။

တစ်ရက် နှစ်ရက်ကြာသောအခါ “ဆောက်စတေးရှင်း” အတွေ့အကြုံနှင့် ဘာသာတရားမရှိသူအဖြစ်မှ လွတ်မြောက်ခဲ့ပုံကို မိဘများထံသို့

စာရေး၍ ပြောပြခဲ့သည်။ ကျွန်မ၏အပေါ်မှစီး၍ ရှုမြင်ရသောအမြင်မှ ကြည့်သောအခါ ကျွန်မစစ်မှန်စွာ ယုံကြည်မှုအပေါ်တွင် ယုံမှားသံသယ လုံးဝမရှိတော့ပါ။ သူတို့၏ ယုံကြည်မှုကို ကျွန်ုပ်အားမျှဝေပေးကဲ့သို့ စိတ်ရှည်စွာနားလည်ပေးသော မိဘများကို ကျေးဇူးတင်ရပါသည်။ ကျွန်မ အတွက် လိုအပ်သည်မှာ "လမ်းကိုဖြတ်ကူး၍ အပေါ်သို့မော့ကြည့်ရန်" ဖြစ်ကြောင်းကို သူတို့သိရှိနေကြပြီး ဖြစ်ပါသည်။

နောက်ဆုံးတွင် ကျွန်မသည် ကလေးစယောက်၏ မိခင်ဖြစ်လာခဲ့ရပါသည်။ ကလေးများ ကြီးပြင်းလာသည်နှင့်အမျှ အချို့မှာ ယုံကြည်မှု တွင် သံသယရှိကြပြီး တွန့်ဆုတ်နေကြသည်ကို စောင့်ကြည့်ခဲ့ပါသည်။ ဆောက်သ်စတေးရှင်းဘူတာရုံ မုခ်ဦးတွင် ရပ်ကြည့်ပြီး ထိုဘူတာရုံကို ရှာဖွေနေသော ကျွန်မ၏ ကလေးများကို မြင်ရောင်ရင်း မိဘများ၏နမူနာကို လိုက်နာကျင့်သုံးရန် ကြိုးစားရပါမည်။

(ဂွိုက်စ် ဆက်တင်)

(By. Joyce Suttin)